
ရှင်နွယ်ဟာန်
ဒေါ်ငြိမ်းခင်၏
ဖွင့်ဟဝန်ခံချက်

## ဒေါ်ငြိမ်းငြိမ်းခင်၏ ဖွင့်ဟဝန်ခံချက်
## ဝတ္ထုတို စ/ဆုံး

"ခင်ဗျားရဲ့ ယောက်ျားဖြစ်သူကို သတ်ခဲ့တယ်ဆိုတာ သေချာပါသလား ဒေါ်ငြိမ်းငြိမ်းခင်"

ရှေ့နေကြီး ဦးရာဇာရဲ့ အမေးကို ဒေါ်ငြိမ်းငြိမ်းခင်က မဆိုင်းမတွပင် ..

"ဟုတ်ပါတယ် ကျွန်မကိုယ်တိုင် သတ်ခဲ့တာပါ"

"သတ်တဲ့ နေရာမှာ တွေ့ခဲ့တဲ့ ဓားနဲ့ ပဲ သတ်ခဲ့တာလား"

"ဟုတ်ပါတယ် ဆရာတို့ လာတဲ့ ချိန်မှာ တွေ့တဲ့ ဓားနဲ့ ကျွန်မသူတို့ကို သတ်ခဲ့တာပါ"

ရှေ့နေကြီး ဦးရာဇာလည်း ဒေါ်ငြိမ်းငြိမ်းခင်အား ကြည့်ပြီး...

"ဘာကြောင့် နှစ်ယောက်လုံး တစ်ပြိုင်တည်း သတ်ခဲ့တာလဲ"

ရှေ့နေကြီးရဲ့ အမေးကို ချက်ချင်း မဖြေသေးပဲ ရပ်နေသည် ။

"ကျွန်တော်မေးတာ ကြားရရဲ့ လား မသိဘူး"

ထိုအခါမှ ...

"ကြားပါတယ် ကျွန်မ ပြောပြပါ့မယ်"

ဒေါ်ငြိမ်းငြိမ်းခင်၏ အာရုံသည် အဝေးသို့ လွင့်သွားသောသည် ။

ကိုညီညီအောင်နဲ့ ကျွန်မတို့ နှစ်ဦးဟာ မိဘတွေပေးစားလို့ ယူခဲ့ကြတာ မဟုတ်ပဲ တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြိုက်ပြီး လက်ထပ်ခဲ့ကြတာ ဖြစ်သည် ။ လက်ထပ်ပြီး ညားခါစကတော့ ကိုအောင်တစ်ယောက် ခြေငြိမ်ပါသည် ။ ပြီးတော့ ကိုအောင်က ကုမ္ပဏီတစ်ခုမှာ အရောင်းစာရေး ဖြစ်သည် ။ ကျွန်မကတော့ အိမ်ရှင်မပေါ့။ အိမ်ထောင်သက် သုံးနှစ်ကြာလာတော့ ကိုအောင်ဟာ အရင်လို မဟုတ်တော့ပါဘူး။

ခြေရှုပ်လာတယ်လို့ သတိထားမိတယ်။ အရင်ကတည်ငြိမ်တဲ့ ကိုအောင်ဟာ အခုတလော အပေါင်းအသင်းတွေ မက်လာတယ်။ အိမ်ပြန်ချိန်လည်း နောက်ကျလာတယ်။ အလုပ်ထဲလည်း အာရုံစူးစိုက်မှု နည်းလာတယ်။ ဒါပေမဲ့ ကျွန်မ ဘာမှ မပြောပဲ လွှတ်ထားပါတယ်။ တစ်နေ့ ကျွန်မ  နောက်ဖေးမှာ ချက်ပြုတ်နေတုန်း ကိုအောင်က အိမ်ရှေ့ခန်းမှ နေ၍ ...

"ငြိမ်းရေ ကိုအောင်ကို ပိုက်ဆံလေး ပေးပါဦး"

ကိုအောင်ရဲ့ အသံကြောင့် ကျွန်မ ဟင်းအိုးမီးပိတ်ပြီး အိမ်ရှေ့ခန်း ထွက်လာခဲ့လိုက်တယ်။ ဧည့်ခန်းထဲမှာ တော့ ကိုအောင် တစ်ယောက် အဝတ်အစားလဲပြီး ထိုင်နေတာ တွေ့လိုက်ရသည် ။ ကျွန်မစိတ်ထဲမှာ တော့ ဒီနေ့ရုံးပိတ်ရက်ကို ဘယ်များ သွားမလို့ ပါလိမ့်။

"ကိုအောင် ဘယ်သွားမလို့ လဲ ဒီနေ့ရုံးပိတ်တာကို"

ကျွန်မရဲ့ အမေးကြောင့်..

"ငြိမ်းရ ဒီနေ့နိုင်ဇော်တို့ နဲ့ ချိန်းထားလို့ ပါကွာ ဒီကောင်တွေနဲ့ မတွေ့တာကြာပြီလေ ပြီးတော့ တခြား သူငယ်ချင်းတွေလည်း ပါတယ်"

"အင်းပါ ဒါဆိုလည်း အပြန်အရမ်း မိုးမချုပ်စေနဲ့ နော် ပြီးတော့ အများကြီးလည်း သောက်မလာနဲ့ ဦး"

"အေးပါ သွားပြီနော်"

ကိုအောင် ထွက်သွားတော့ ကျွန်မလည်း အိမ်အလုပ်တွေလုပ်ရင်း တစ်ယောက်တည်း အချိန်ကုန်လို့ ကုန်မှန်းမသိ ကုန်သွားတော့သည် ။

ည(၇:၀၀)ခန့်တွင် မိုးများ ရွာသွန်းလာသည် ။ ကျွန်မလည်း တစ်ယောက်တည်း ဆိုတော့ ကြောက်နေမိတယ်။ ပတ်ဝန်းကျင်တွင် လည်း အမှောင်ရိပ်က သန်းနေပြီ။ ကိုအောင်ကလည်း ခုထိရောက်မလာသေး။ ထိုအချိန်မှာ ပဲ..

"တီ တီ တီ"

ကားဟွန်းသံကြောင့် ကျွန်မ ပျော်သွားမိသည် ။ ဒါကိုအောင် ပြန်လာပြီပဲ။ ကျွန်မလည်း ဝမ်းသာအားရ အိမ်ထဲမှ ပြေးထွက်လာကာ ခြံတံခါးဖွင့်ပေး လိုက်သည် ။ ထိုစဉ် မြင်လိုက်ရသော မြင်ကွင်းက ကျွန်မအား မှ င်တက်သွားစေသည် ။ ကိုအောင်တစ်ယောက် မိန်းကလေး တစ်ယောက်အား ခေါ်လာတာကို မြင်တွေ့လိုက်ရ သောကြောင့် ဖြစ်သည် ။ သူက ဘယ်သူလဲ ဘာကြောင့်ကိုအောင်နဲ့ ပါလာရတာလဲ။ ကျွန်မရင်ထဲမှာ တလှပ်လှပ်နဲ့ ဖြစ်လာတယ်။ ကိုအောင်က ထိုမိန်းကလေးရဲ့ လက်ကိုဆွဲပြီး အိမ်ထဲဝင်သွားတယ်။ ကျွန်မလည်း သိချင်တာနဲ့ ခြံတံခါးအမြန်ပိတ်ပြီး သူတို့ နောက် လိုက်ခဲ့လိုက်တယ်။ ကျွန်မ ကိုအောင်ရှေ့မှာ ရပ်လိုက်ပြီး..